ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

# (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၁၃၈ ) ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြ ထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက် စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | MR. XU LIANSHENG (Director) |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - | WONDERFUL APPAREL CO.,Ltd.<br>ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာသံမဏိ စက်မှုဇုန်၊ မြေကွက်အမှတ် ၂၉၄+ ၂၉၅+ ၂၉၆<br>ဖုန်း-၀၉ ၆၈၄၈၄၀၀၀၇ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | CMP စနစ်ဖြင့် အဝတ်အထည်ချုပ်လုပ်ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | မြေဧရိယာ ( ၆.၈၆၀ ) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - | ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာသံမဏိ စက်မှုဇုန်၊ မြေကွက်အမှတ် ၂၉၄+ ၂၉၅+ ၂၉၆ |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | - | စတင်ထုတ်ပေးရက် - ၄-၁၁-၂၀၂၄<br>သက်တမ်းကုန်ဆုံးရက် - ၃-၁၁-၂၀၂၉ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - | ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေး တိုင်းဒေသကြီး၏ ၅-၇-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/၆/၇/EIA (၅၅၀/၂၀၂၄)ဖြင့် တင်ပြသည့် **"ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)"** |



၂၆.၁၂.၂၀၂၄

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

( လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန် )

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆)လတစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ်အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

**WONDERFUL APPAREL CO., Ltd.မှ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ သံမဏိစက်မှုဇုန်၊ မြေကွက်အမှတ် ၂၉၄+ ၂၉၅+ ၂၉၆ ၊ မြေဧရိယာ (၆.၈၆၀) ဧကပေါ်တွင် CMP စနစ်ဖြင့် အဝတ်အထည်ချုပ်လုပ်ခြင်းလုပ်ငန်းအတွက် စီမံကိန်းအကြောင်းအရာ**

၁။ WONDERFUL APPAREL CO., Ltd.မှ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ သံမဏိစက်မှုဇုန်၊ မြေကွက်အမှတ် ၂၉၄+ ၂၉၅+ ၂၉၆ ရှိ မြေဧရိယာ (၆.၈၆၀) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် CMP စနစ်ဖြင့် အဝတ်အထည်ချုပ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၅-၇-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/၆/၇/EIA(၅၅၀/၂၀၂၄)ဖြင့် တင်ပြခဲ့သည့် တတိယပုဂ္ဂိုလ်အဖွဲ့အစည်း Myanwei Environmental Solutions Company Limited မှပြုစုသော တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** MR. XU LIANSHENG ၊ Director ၊ WONDERFUL APPAREL CO.,Ltd.၊ မြေကွက်အမှတ် ၂၉၄+ ၂၉၅+ ၂၉၆၊ မြောင်းတကာသံမဏိစက်မှုဇုန်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဖုန်း ၀၉- ၆၈၄၈၄၀၀၀၇ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် ထုတ်လုပ်မှုလုပ်ငန်းစဉ်အနေဖြင့် ကုန်ကြမ်းများကို အရည်အသွေးစစ်ဆေးခြင်း၊ ပိတ်စဖြတ်ခြင်း၊ တွဲချုပ်ခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊ မီးပူတိုက်ခြင်း တို့ ဆောင်ရွက်ပြီးနောက် အရည်အသွေးအာမခံချက်ရယူကာ ကုန်ချောထုပ်ပိုးခြင်းစသည် တို့ကို ဆောင်ရွက်မည် ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အဆိုပြုစီမံကိန်းတွင် ကုန်ကြမ်းများအား fabrics, interlining, thread, zipper, button, label, price tagနှင့် အခြားဆက်စပ်ပစ္စည်းများအား တရုတ်နိုင်ငံမှ မှာယူတင်သွင်းပြီး ထုတ်ကုန်များအားတရုတ်နိုင်ငံသို့ ထုပ်ပိုး၍ သင်္ဘောဖြင့် တင်ပို့ကြောင်း၊ စက်ရုံလည်ပတ်ရန်နှင့် ဝန်ထမ်းများအသုံးပြုရန် သုံးရေအတွက် စက်ရုံဝန်းအတွင်း တူးဖော်ထားသော စက်ရေတွင်းမှ ရယူမည်ဖြစ်ကြောင်း၊ စက်ရုံတစ်ရုံလုံးအတွက် တစ်နှစ်လျှင် ဂါလန် (၁၈၀,၀၀၀) ခန့် ဝန်ထမ်းများသောက်ရေအတွက် တစ်ရက်လျှင် (၁,၀၀၀) လီတာခန့် သုံးစွဲကြောင်း၊ လျှပ်စစ်ဓာတ်အား အတွက် (YESB)မှရယူပြီး လျှပ်စစ်မီးပြတ်တောက်သည့်အချိန်တွင် 625 kVA နှင့် 125 kVA မီးစက် (၂) လုံး ထားရှိကြောင်း၊ လောင်စာဆီ လိုအပ်ချက်မှာ တစ်လလျှင် ဂါလန် (၁,၅၀၀)ခန့် ဖြစ်ပြီး နီးစပ်ရာ ဆိုင်များမှ ဝယ်ယူကြောင်း၊ ကုန်ကြမ်းများစာရင်းအား တစ်ဖက်ပါအတိုင်း ဖော်ပြထားပါသည် -

List Of Annual Raw Material

| Product | No. | Raw Name | Unit | Year-1 | Year-2 | Year-3 | Year-4 | Year-5 | Year-6 to 10 | Year-11 to 30 |
|---|---|---|---|---|---|---|---|---|---|---|
| Robin Basic Fit hood | 1 | French terry | kg | 50000 | 55000 | 65000 | 75000 | 90000 | 125000 | 130000 |
| | 2 | Single jesey | kg | 5000 | 5500 | 6500 | 7500 | 9000 | 12500 | 13000 |
| | 3 | Rib | kg | 20000 | 22000 | 26000 | 30000 | 36000 | 50000 | 52000 |
| | 4 | Interlining | y | 60000 | 66000 | 78000 | 90000 | 108000 | 150000 | 156000 |
| | 5 | Thread | y | 30000000 | 33000000 | 39000000 | 45000000 | 54000000 | 75000000 | 78000000 |
| | 6 | Eylet | Sets | 200000 | 220000 | 260000 | 300000 | 360000 | 500000 | 520000 |
| | 7 | Drawstring | Pcs | 100000 | 110000 | 130000 | 150000 | 180000 | 250000 | 260000 |
| | 8 | Zipper | Pcs | 100000 | 110000 | 130000 | 150000 | 180000 | 250000 | 260000 |
| | 9 | Main & size label | Pcs | 100000 | 110000 | 130000 | 150000 | 180000 | 250000 | 260000 |
| | 10 | Care label | Pcs | 200000 | 220000 | 260000 | 300000 | 360000 | 500000 | 520000 |
| | 11 | Name label | Pcs | 100000 | 110000 | 130000 | 150000 | 180000 | 250000 | 520000 |
| | 12 | Tag pin | Pcs | 100000 | 110000 | 130000 | 150000 | 180000 | 250000 | 520000 |
| | 13 | Price tag | Pcs | 100000 | 110000 | 130000 | 150000 | 180000 | 250000 | 520000 |
| | 14 | Price sticker | Pcs | 100000 | 110000 | 130000 | 150000 | 180000 | 250000 | 520000 |
| | 15 | Carton sticker | Pcs | 100000 | 110000 | 130000 | 150000 | 180000 | 250000 | 520000 |
| | 16 | Polybag | Pcs | 100000 | 110000 | 130000 | 150000 | 180000 | 250000 | 520000 |
| | 17 | Hanger | Pcs | 100000 | 110000 | 130000 | 150000 | 180000 | 250000 | 520000 |
| | 18 | Dyer | Pcs | 200000 | 220000 | 260000 | 300000 | 360000 | 500000 | 520000 |
| | 19 | Carton | Ctn | 100000 | 110000 | 130000 | 150000 | 180000 | 250000 | 260000 |
| | 20 | opp | y | 500000 | 550000 | 650000 | 750000 | 900000 | 1250000 | 1300000 |
| | 1 | Lace | Kg | 149600 | 157080 | 172040 | 194480 | 269280 | 314160 | 336600 |
| | 2 | Single jersey | Kg | 168000 | 176400 | 193200 | 218400 | 302400 | 352800 | 378000 |

| Product | No. | Raw Name | Unit | Year-1 | Year-2 | Year-3 | Year-4 | Year-5 | Year-6 to 10 | Year-11 to 30 |
|---|---|---|---|---|---|---|---|---|---|---|
| Moa-Linnea lace dress | 3 | Thread | Y | 43400000 | 45570000 | 49910000 | 56420000 | 78120000 | 91140000 | 97650000 |
| | 4 | Button | Pcs | 400000 | 420000 | 460000 | 520000 | 720000 | 840000 | 900000 |
| | 5 | Interlining | Y | 120000 | 126000 | 138000 | 156000 | 216000 | 252000 | 270000 |
| | 6 | Elastic | Y | 100000 | 105000 | 115000 | 130000 | 180000 | 210000 | 225000 |
| | 7 | bowknot | Pcs | 400000 | 420000 | 460000 | 520000 | 720000 | 840000 | 900000 |
| | 8 | Main & size label | Pcs | 200000 | 210000 | 230000 | 260000 | 360000 | 420000 | 450000 |
| | 9 | Care label | Pcs | 400000 | 420000 | 460000 | 520000 | 720000 | 840000 | 900000 |
| | 10 | Name label | Pcs | 200000 | 210000 | 230000 | 260000 | 360000 | 420000 | 450000 |
| | 11 | Tag pin | Pcs | 200000 | 210000 | 230000 | 260000 | 360000 | 420000 | 450000 |
| | 12 | Price tag | Set | 200000 | 210000 | 230000 | 260000 | 360000 | 420000 | 450000 |
| | 13 | Price sticker | Pcs | 200000 | 210000 | 230000 | 260000 | 360000 | 420000 | 450000 |
| | 14 | Carton sticker | Pcs | 200000 | 210000 | 230000 | 260000 | 360000 | 420000 | 450000 |
| | 15 | Polybag | Pcs | 200000 | 210000 | 230000 | 260000 | 360000 | 420000 | 450000 |
| | 16 | Hanger | Pcs | 200000 | 210000 | 230000 | 260000 | 360000 | 420000 | 450000 |
| | 17 | Dyer | Pcs | 400000 | 420000 | 460000 | 520000 | 720000 | 840000 | 900000 |
| | 18 | Carton | Ctn | 200000 | 210000 | 230000 | 260000 | 360000 | 420000 | 450000 |
| | 19 | opp | y | 1000000 | 1050000 | 1150000 | 1300000 | 1800000 | 2100000 | 2250000 |
| Perfect Hood | 1 | Fleece | Kg | 61200 | 64600 | 74800 | 85000 | 102000 | 136000 | 142800 |
| | 2 | Rib | Kg | 10080 | 10640 | 12320 | 14000 | 168000 | 22400 | 23520 |
| | 3 | Single jersey | Kg | 360 | 380 | 440 | 500 | 600 | 800 | 840 |
| | 4 | thread | Y | 45000000 | 47500000 | 55000000 | 62500000 | 75000000 | 100000000 | 105000000 |
| | 5 | eyelet | Set | 360000 | 380000 | 440000 | 500000 | 600000 | 800000 | 840000 |
| | 6 | interlining | Y | 108000 | 114000 | 132000 | 150000 | 180000 | 240000 | 252000 |

| Product | No. | Raw Name | Unit | Year-1 | Year-2 | Year-3 | Year-4 | Year-5 | Year-6 to 10 | Year-11 to 30 |
|---|---|---|---|---|---|---|---|---|---|---|
| | 7 | Main & size label | Pcs | 180000 | 190000 | 220000 | 250000 | 300000 | 400000 | 420000 |
| | 8 | Care label | Pcs | 360000 | 380000 | 440000 | 500000 | 600000 | 800000 | 840000 |
| | 9 | Name label | Pcs | 180000 | 190000 | 220000 | 250000 | 300000 | 400000 | 420000 |
| | 10 | Tag pin | Pcs | 180000 | 190000 | 220000 | 250000 | 300000 | 400000 | 420000 |
| | 11 | Price tag | Set | 180000 | 190000 | 220000 | 250000 | 300000 | 400000 | 420000 |
| | 12 | Price sticker | Set | 180000 | 190000 | 220000 | 250000 | 300000 | 400000 | 420000 |
| | 13 | Carton sticker | Pcs | 180000 | 190000 | 220000 | 250000 | 300000 | 400000 | 420000 |
| | 14 | Polybag | Pcs | 180000 | 190000 | 220000 | 250000 | 300000 | 400000 | 420000 |
| | 15 | Hanger | Pcs | 180000 | 190000 | 220000 | 250000 | 300000 | 400000 | 420000 |
| | 16 | Dyer | Pcs | 360000 | 380000 | 440000 | 500000 | 600000 | 800000 | 840000 |
| | 17 | Carton | Ctn | 180000 | 190000 | 220000 | 250000 | 300000 | 400000 | 420000 |
| | 18 | opp | y | 900000 | 950000 | 1100000 | 1250000 | 1500000 | 2000000 | 2100000 |
| Irish Café Racer Jacket | 1 | Jacquard | Kg | 149600 | 157080 | 172040 | 194480 | 269280 | 314160 | 336600 |
| | 2 | Single jesey | Kg | 168000 | 176400 | 193200 | 218400 | 302400 | 352800 | 378000 |
| | 3 | Rib | kg | 102500 | 110770 | 123000 | 139400 | 164000 | 196800 | 205000 |
| | 4 | Thread | y | 10000 | 10800 | 12000 | 13600 | 16000 | 19200 | 20000 |
| | 5 | Button | sets | 22500 | 24300 | 27000 | 30600 | 36000 | 43200 | 45000 |
| | 6 | Interlining | Y | 150000 | 162000 | 180000 | 204000 | 240000 | 288000 | 300000 |
| | 7 | zipper | Pcs | 250000 | 270000 | 300000 | 340000 | 400000 | 480000 | 500000 |
| | 8 | Main & size label | Pcs | 250000 | 270000 | 300000 | 340000 | 400000 | 480000 | 500000 |
| | 9 | Care label | Pcs | 500000 | 540000 | 600000 | 680000 | 800000 | 960000 | 1000000 |
| | 10 | Name label | Pcs | 250000 | 270000 | 300000 | 340000 | 400000 | 480000 | 500000 |
| | 11 | Tag pin | Pcs | 250000 | 270000 | 300000 | 340000 | 400000 | 480000 | 500000 |

| Product | No. | Raw Name | Unit | Year-1 | Year-2 | Year-3 | Year-4 | Year-5 | Year-6 to 10 | Year-11 to 30 |
|---|---|---|---|---|---|---|---|---|---|---|
| | 12 | Price tag | Set | 250000 | 270000 | 300000 | 340000 | 400000 | 480000 | 500000 |
| | 13 | Price sticker | Pcs | 250000 | 270000 | 300000 | 340000 | 400000 | 480000 | 500000 |
| | 14 | Carton sticker | Pcs | 250000 | 270000 | 300000 | 340000 | 400000 | 480000 | 500000 |
| | 15 | Polybag | Pcs | 250000 | 270000 | 300000 | 340000 | 400000 | 480000 | 500000 |
| | 16 | Hanger | Pcs | 250000 | 270000 | 300000 | 340000 | 400000 | 480000 | 500000 |
| | 17 | Dyer | Pcs | 500000 | 540000 | 600000 | 680000 | 800000 | 960000 | 1000000 |
| | 18 | Carton | Ctn | 250000 | 270000 | 300000 | 340000 | 400000 | 480000 | 500000 |
| | 19 | opp | y | 1250000 | 1350000 | 1500000 | 1700000 | 2000000 | 2400000 | 2500000 |
| | 1 | Fleece | Kg | 123000 | 135300 | 147600 | 164000 | 205000 | 246000 | 258300 |
| | 2 | Single jesey | Kg | 600 | 660 | 720 | 800 | 1000 | 1200 | 1260 |
| | 3 | Rib | Kg | 27600 | 30360 | 33120 | 36800 | 46000 | 55200 | 57960 |
| | 4 | Thread | Y | 45000000 | 49500000 | 54000000 | 60000000 | 75000000 | 90000000 | 94500000 |
| | 5 | Herringbone tape | Y | 60000 | 66000 | 72000 | 80000 | 100000 | 120000 | 126000 |
| | 6 | Main label | Pcs | 300000 | 330000 | 360000 | 400000 | 500000 | 600000 | 630000 |
| | 7 | Size label | Pcs | 300000 | 330000 | 360000 | 400000 | 500000 | 600000 | 630000 |
| Hendricks Regular | 8 | Care label | Pcs | 600000 | 660000 | 720000 | 800000 | 1000000 | 1200000 | 1260000 |
| | 9 | Tag pin | Pcs | 300000 | 330000 | 360000 | 400000 | 500000 | 600000 | 630000 |
| | 10 | Price tag | set | 300000 | 330000 | 360000 | 400000 | 500000 | 600000 | 630000 |
| | 11 | Price sticker | Pcs | 300000 | 330000 | 360000 | 400000 | 500000 | 600000 | 630000 |
| | 12 | Carton sticker | Pcs | 300000 | 330000 | 360000 | 400000 | 500000 | 600000 | 630000 |
| | 13 | Polybag | Pcs | 300000 | 330000 | 360000 | 400000 | 500000 | 600000 | 630000 |
| | 14 | Dyer | Pcs | 600000 | 660000 | 720000 | 800000 | 1000000 | 1200000 | 1260000 |
| | 15 | Hanger | Pcs | 300000 | 330000 | 360000 | 400000 | 500000 | 600000 | 630000 |

| Product | No. | Raw Name | Unit | Year-1 | Year-2 | Year-3 | Year-4 | Year-5 | Year-6 to 10 | Year-11 to 30 |
|---|---|---|---|---|---|---|---|---|---|---|
| | 16 | carton | Ctn | 300000 | 330000 | 360000 | 400000 | 500000 | 600000 | 630000 |
| | 17 | opp | y | 1500000 | 1650000 | 1800000 | 2000000 | 2500000 | 3000000 | 3150000 |
| Santiago Dress | 1 | Lace | Kg | 137500 | 143000 | 154000 | 170500 | 209000 | 247500 | 264000 |
| | 2 | Single jersey | Kg | 225000 | 234000 | 252000 | 279000 | 342000 | 405000 | 432000 |
| | 3 | Thread | Y | 50000000 | 52000000 | 56000000 | 62000000 | 76000000 | 90000000 | 96000000 |
| | 4 | Button | Sets | 250000 | 260000 | 280000 | 310000 | 380000 | 450000 | 480000 |
| | 5 | Interlining | Y | 150000 | 156000 | 168000 | 186000 | 228000 | 270000 | 288000 |
| | 6 | Elastic | Y | 12500 | 13000 | 14000 | 15500 | 19000 | 22500 | 24000 |
| | 7 | Bowknot | pcs | 500000 | 520000 | 560000 | 620000 | 760000 | 900000 | 960000 |
| | 8 | Main&size label | pcs | 250000 | 260000 | 280000 | 310000 | 380000 | 450000 | 480000 |
| | 9 | Care label | pcs | 500000 | 520000 | 560000 | 620000 | 760000 | 900000 | 960000 |
| | 10 | Name label | pcs | 250000 | 260000 | 280000 | 310000 | 380000 | 450000 | 480000 |
| | 11 | Tag pin | pcs | 250000 | 260000 | 280000 | 310000 | 380000 | 450000 | 480000 |
| | 12 | Price tag | Set | 250000 | 260000 | 280000 | 310000 | 380000 | 450000 | 480000 |
| | 13 | Price sticker | pcs | 250000 | 260000 | 280000 | 310000 | 380000 | 450000 | 480000 |
| | 14 | Carton sticker | pcs | 250000 | 260000 | 280000 | 310000 | 380000 | 450000 | 480000 |
| | 15 | Poly bag | pcs | 250000 | 260000 | 280000 | 310000 | 380000 | 450000 | 480000 |
| | 16 | Hanger | pcs | 250000 | 260000 | 280000 | 310000 | 380000 | 450000 | 480000 |
| | 17 | Dyer | pcs | 500000 | 520000 | 560000 | 620000 | 760000 | 900000 | 960000 |
| | 18 | Carton | ctn | 250000 | 260000 | 280000 | 310000 | 380000 | 450000 | 480000 |
| | 19 | Opp | y | 1250000 | 1300000 | 1400000 | 1550000 | 1900000 | 2250000 | 2400000 |
| Minja Top | 1 | Single jesey | Kg | 88000 | 94600 | 105600 | 114400 | 132000 | 154000 | 160600 |
| | 2 | Thread | Y | 60000000 | 64500000 | 72000000 | 78000000 | 90000000 | 105000000 | 10950000 |


| Product | No. | Raw Name | Unit | Year-1 | Year-2 | Year-3 | Year-4 | Year-5 | Year-6 to 10 | Year-11 to 30 |
|---|---|---|---|---|---|---|---|---|---|---|
| | 3 | Main label | pcs | 400000 | 430000 | 480000 | 520000 | 600000 | 700000 | 730000 |
| | 4 | Size label | pcs | 400000 | 430000 | 480000 | 520000 | 600000 | 700000 | 730000 |
| | 5 | Care label | pcs | 800000 | 860000 | 960000 | 1040000 | 1200000 | 1400000 | 1460000 |
| | 6 | Tag pin | pcs | 400000 | 430000 | 480000 | 520000 | 600000 | 700000 | 730000 |
| | 7 | Price tag | Set | 400000 | 430000 | 480000 | 520000 | 600000 | 700000 | 730000 |
| | 8 | Price sticker | Pcs | 400000 | 430000 | 480000 | 520000 | 600000 | 700000 | 730000 |
| | 9 | Carton sticker | Pcs | 400000 | 430000 | 480000 | 520000 | 600000 | 700000 | 730000 |
| | 10 | Polybag | Pcs | 400000 | 430000 | 480000 | 520000 | 600000 | 700000 | 730000 |
| | 11 | Dyer | Pcs | 800000 | 860000 | 960000 | 1040000 | 1200000 | 1400000 | 1460000 |
| | 12 | Carton | Ctn | 400000 | 430000 | 480000 | 520000 | 600000 | 700000 | 730000 |
| | 13 | opp | y | 2000000 | 2150000 | 2400000 | 2600000 | 3000000 | 3500000 | 3650000 |
| Nachon regular Tee | 1 | Waffle | Kg | 22400 | 25200 | 30800 | 36400 | 56000 | 70000 | 75600 |
| | 2 | Single jesey | Kg | 168 | 189 | 231 | 273 | 420 | 525 | 567 |
| | 3 | Rib | Kg | 10400 | 11700 | 14300 | 16900 | 26000 | 32500 | 35100 |
| | 4 | Thread | Y | 9600000 | 10800000 | 13200000 | 15600000 | 24000000 | 30000000 | 32400000 |
| | 5 | Main label | pcs | 80000 | 90000 | 110000 | 130000 | 200000 | 250000 | 270000 |
| | 6 | Size label | pcs | 80000 | 90000 | 110000 | 130000 | 200000 | 250000 | 270000 |
| | 7 | Care label | pcs | 160000 | 180000 | 220000 | 260000 | 400000 | 500000 | 540000 |
| | 8 | Tag pin | pcs | 80000 | 90000 | 110000 | 130000 | 200000 | 250000 | 270000 |
| | 9 | Price tag | set | 80000 | 90000 | 110000 | 130000 | 200000 | 250000 | 270000 |
| | 10 | Price sticker | pcs | 80000 | 90000 | 110000 | 130000 | 200000 | 250000 | 270000 |
| | 11 | Carton sticker | pcs | 80000 | 90000 | 110000 | 130000 | 200000 | 250000 | 270000 |
| | 12 | Polybag | pcs | 80000 | 90000 | 110000 | 130000 | 200000 | 250000 | 270000 |

| Product | No. | Raw Name | Unit | Year-1 | Year-2 | Year-3 | Year-4 | Year-5 | Year-6 to 10 | Year-11 to 30 |
|---|---|---|---|---|---|---|---|---|---|---|
| | 13 | Dyer | pcs | 160000 | 180000 | 220000 | 260000 | 400000 | 500000 | 540000 |
| | 14 | Carton | ctn | 80000 | 90000 | 110000 | 130000 | 200000 | 250000 | 270000 |
| | 15 | Opp | y | 400000 | 450000 | 550000 | 650000 | 1000000 | 1250000 | 1350000 |
| Malaga Fancy | 1 | Single jesey | Kg | 14400 | 15360 | 18240 | 23040 | 28800 | 36480 | 38400 |
| | 2 | Thread | Y | 18000000 | 19200000 | 22800000 | 28800000 | 36000000 | 45600000 | 48000000 |
| | 3 | Elastic | Y | 82500 | 88000 | 104500 | 132000 | 165000 | 209000 | 220000 |
| | 4 | Main label | pcs | 150000 | 160000 | 190000 | 240000 | 300000 | 380000 | 400000 |
| | 5 | Size label | pcs | 150000 | 160000 | 190000 | 240000 | 300000 | 380000 | 400000 |
| | 6 | Care label | pcs | 300000 | 320000 | 380000 | 480000 | 600000 | 760000 | 800000 |
| | 7 | Name label | pcs | 150000 | 160000 | 190000 | 240000 | 300000 | 380000 | 400000 |
| | 8 | Tag pin | pcs | 150000 | 160000 | 190000 | 240000 | 300000 | 380000 | 400000 |
| | 9 | Price tag | Set | 150000 | 160000 | 190000 | 240000 | 300000 | 380000 | 400000 |
| | 10 | Price sticker | pcs | 150000 | 160000 | 190000 | 240000 | 300000 | 380000 | 400000 |
| | 11 | Carton sticker | pcs | 150000 | 160000 | 190000 | 240000 | 300000 | 380000 | 400000 |
| | 12 | Polybag | pcs | 150000 | 160000 | 190000 | 240000 | 300000 | 380000 | 400000 |
| | 13 | Hanger | pcs | 150000 | 160000 | 190000 | 240000 | 300000 | 380000 | 400000 |
| | 14 | Dyer | pcs | 300000 | 320000 | 380000 | 480000 | 600000 | 760000 | 800000 |
| | 15 | Carton | Ctn | 150000 | 160000 | 190000 | 240000 | 300000 | 380000 | 400000 |
| | 16 | opp | Y | 750000 | 800000 | 950000 | 1200000 | 1500000 | 1900000 | 2000000 |
| Malaga Fancy | 1 | Plaid fabric | Kg | 20000 | 22500 | 27500 | 35000 | 50000 | 55000 | 60000 |
| | 2 | Thread | Y | 9600000 | 10800000 | 13200000 | 16800000 | 24000000 | 26400000 | 28800000 |
| | 3 | Elastic | Y | 57600 | 64800 | 79200 | 100800 | 144000 | 158400 | 172800 |
| | 4 | Main label | pcs | 80000 | 90000 | 110000 | 140000 | 200000 | 220000 | 240000 |


| Product | No. | Raw Name | Unit | Year-1 | Year-2 | Year-3 | Year-4 | Year-5 | Year-6 to 10 | Year-11 to 30 |
|---|---|---|---|---|---|---|---|---|---|---|
| | 5 | Size label | pcs | 80000 | 90000 | 110000 | 140000 | 200000 | 220000 | 240000 |
| | 6 | Care label | pcs | 160000 | 180000 | 220000 | 280000 | 400000 | 440000 | 480000 |
| | 7 | Name label | pcs | 80000 | 90000 | 110000 | 140000 | 200000 | 220000 | 240000 |
| | 8 | Tag pin | pcs | 80000 | 90000 | 110000 | 140000 | 200000 | 220000 | 240000 |
| | 9 | Price tag | Set | 80000 | 90000 | 110000 | 140000 | 200000 | 220000 | 240000 |
| | 10 | Price sticker | pcs | 80000 | 90000 | 110000 | 140000 | 200000 | 220000 | 240000 |
| | 11 | Carton sticker | pcs | 80000 | 90000 | 110000 | 140000 | 200000 | 220000 | 240000 |
| | 12 | Polybag | pcs | 80000 | 90000 | 110000 | 140000 | 200000 | 220000 | 240000 |
| | 13 | Hanger | pcs | 80000 | 90000 | 110000 | 140000 | 200000 | 220000 | 240000 |
| | 14 | Dyer | pcs | 160000 | 180000 | 220000 | 280000 | 400000 | 440000 | 480000 |
| | 15 | Carton | Ctn | 80000 | 90000 | 110000 | 140000 | 200000 | 220000 | 240000 |
| | 16 | opp | Y | 400000 | 450000 | 550000 | 700000 | 1000000 | 1100000 | 1200000 |

၅။ **စီမံကိန်းတည်နေရာ။** မြေကွက်အမှတ် ၂၉၄+ ၂၉၅+ ၂၉၆၊ မြောင်းတကာသံမဏိစက်မှုဇုန်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြေဧရိယာ (၆.၈၆၀) ဧကတွင် တည်ရှိပါသည်။

## WONDERFUL APPAREL CO., Ltd.မှ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ သံမဏိစက်မှုဇုန်၊ မြေကွက်အမှတ် ၂၉၄+ ၂၉၅+ ၂၉၆၊ မြေဧရိယာ (၆.၈၆၀) ဧကပေါ်တွင် CMP စနစ်ဖြင့် အဝတ်အထည်ချုပ်လုပ်ခြင်းလုပ်ငန်းအတွက် တည်နေရာပြမြေပုံ



## WONDERFUL APPAREL CO., Ltd.မှ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ သံမဏိစက်မှုဇုန်၊ မြေကွက်အမှတ် ၂၉၄+ ၂၉၅+ ၂၉၆၊ မြေဧရိယာ (၆.၈၆၀) ဧကပေါ်တွင် CMP စနစ်ဖြင့် အဝတ်အထည်ချုပ်လုပ်ခြင်းလုပ်ငန်းအတွက် ကုန်ကြမ်းမှ ကုန်ချောရရှိရန် လုပ်ငန်းစဉ်အဆင့်ဆင့်ပြပုံ



နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူက ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ သံမဏိစက်မှုဇုန်၊ မြေကွက်အမှတ် ၂၉၄+ ၂၉၅+ ၂၉၆ ရှိ မြေရိယာ (၆.၈၆၀) ကေပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် CMP စနစ်ဖြင့် အဝတ်အထည်ချုပ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၅-၇-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/၆/၇/EIA(၅၅၀/၂၀၂၄)ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာ ဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** အဆိုပြုစီမံကိန်းသည် ထုတ်လုပ်မှုလုပ်ငန်းစဉ်အနေဖြင့် ကုန်ကြမ်းများကို အရည်အသွေးစစ်ဆေးခြင်း၊ ပိတ်စဖြတ်ခြင်း၊ တွဲချုပ်ခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊ မီးပူတိုက်ခြင်းတို့ ဆောင်ရွက်ပြီးနောက် အရည်အသွေးအာမခံချက်ရယူကာ ကုန်ချောထုပ်ပိုးခြင်းစသည်တို့ကို ဆောင်ရွက်မည် ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မော်တော်ယာဉ်နှင့် စက်ယန္တရားများအား ပုံမှန်ထိန်းသိမ်း စောင့်ကြပ်ကြည့်ရှုရန်၊

(၂) စက်ရုံတွင် ကာဗွန်နှင့် လေထုညစ်ညမ်းမှုလျှော့ချရန် သစ်ပင်ပန်းမန်များ စိုက်ပျိုးရန်၊

(၃) အနံ့ဆိုးနှင့် ဖုန်မှုန့်များကို လျှော့ချရန်အတွက် စက်ရုံဝန်းအတွင်း ရေဖျန်းရန်နှင့် အမှိုက်များကို မီးရှို့ဖျက်ဆီးခြင်းအား တားမြစ်ရန်၊

(၄) မီးစက်များအသုံးပြုရာတွင် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမဖြစ်စေရန် မီးခိုးခေါင်းတိုင် တပ်ဆင်အသုံးပြုရန်။

(ဃ) **စွန့်ပစ်ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) နေအိမ်၊ စားသောက်ဆောင်တို့မှ စွန့်ပစ်ရေများအား စနစ်တကျ စွန့်ပစ်ရန်၊

(၂) မိလ္လာကန်၊ ဆီကန်များအား ပုံမှန်စစ်ဆေးသန့်စင်ရန်။

(င) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းသုံးယာဉ်များကို သတ်မှတ်အရှိန်ထက် ကျော်လွန်၍ မောင်းနှင်ခြင်း မပြုစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(၂) မီးစက်အသုံးပြုမည့်နေရာတွင် ဆူညံသံထွက်ရှိမှုအား လျော့နည်းစေရန် အသံလုံ အကာအကွယ် တပ်ဆင်ရန်၊

(၃) မော်တော်ယာဉ်များနှင့် စက်ပစ္စည်းများအား ဆူညံသံထွက်ရှိမှုအား ပုံမှန် တိုင်းတာ စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်၊

(၄) လုပ်သားများအား လုပ်ငန်းခွင်အတွင်း တစ်ကိုယ်ရေသုံး (PPE) များအား သေချာစွာ အသုံးပြု ဆောင်ရွက်ရန်၊

(၅) လုပ်သားများအား နေ့အချိန်တွင်သာ အလုပ်လုပ်ရန်။

(စ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အထည်ဖြတ်စ စွန့်ပစ်ပစ္စည်းများကို အမှိုက်အိတ်များဖြင့် တစ်စုတစ်စည်းတည်း ထုပ်ပိုး ထားရှိခြင်းနှင့် ပုံမှန်သန့်ရှင်းရေး ပြုလုပ်မည်ဖြစ်ကြောင်း၊

(၂) စွန့်ပစ်အမှိုက်များအား စုဆောင်းသူထံသို့ ပြန်လည်ရောင်းချခြင်းနှင့် စွန့်ပစ်အိတ်များကို စနစ်တကျ သိုလှောင်ရန်၊

(၃) အမှိုက်များကို မီးရှို့ဖျက်ဆီးခြင်းအား တားမြစ်ရန်၊

(၄) အမှိုက်ပုံးများကို လုံလောက်စွာထားရှိရန်နှင့် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ သတ်မှတ်ထားသည့်နေရာတွင် စွန့်ပစ်ရန်။

(ဆ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ထိခိုက်ပွန်းရှနိုင်သည့် ကုန်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ် အသုံးပြုစေရန်နှင့် စက်ပစ္စည်းများတွင် အကာအရံတပ်ဆင်၍ အသုံးပြုရန်၊

(၂) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ ဆိုင်းဘုတ်များကို ဖော်ပြ ထားရှိရန်၊

(၃) လုပ်သားများအတွက် ကျန်းမာရေးမထိခိုက်စေရန် ရေမြောင်းများကို စနစ်တကျ ထားရှိဆောင်ရွက်ရန်၊

(၄) လုပ်ငန်းခွင်အတွင်း ရှေးဦးသူနာပြုစုရေး ဆေးသေတ္တာများ စီမံထားရှိရန်နှင့် သောက်သုံးရေကို စီမံထားရှိရန်၊

(၅) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ ဖယ်ရှားရန် ကျွမ်းကျင်ပညာရှင်များခန့်၍ ဆောင်ရွက်ရန်။

(ဈ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုအရည်အသွေးအား စီမံကိန်းဧရိယာအတွင်း $PM_{2.5}$ , $PM_{10}$ , $NO_2$ ,$SO_2$ , CO, VOC, Temperature, Relative Humidity စသည့် Parameter များအား (၁) နှစ်လျှင် (၂) ကြိမ် တိုင်းတာရန်၊

(၂) ဆူညံသံအား စီမံကိန်းဧရိယာအတွင်း (၁) နှစ်လျှင် (၂) ကြိမ် တိုင်းတာရန်၊

(၃) စွန့်ပစ်ရေအား စီမံကိန်းလုပ်ငန်းမှ နောက်ဆုံးစွန့်ထုတ်မည့်နေရာတွင် pH, BOD, COD, Temperature, Iron, TDS, TSS, Oil and Grease, Total Chlorine Parameter များအား (၁) နှစ်လျှင် (၂) ကြိမ် တိုင်းတာရန်၊

(၄) အလင်းရောင်ရရှိမှုအား လစဉ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊

(၅) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စက်ရုံဝန်းတစ်ခုလုံးတွင် နေ့စဉ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊

(၆) စွန့်ပစ်အစိုင်အခဲအား စီမံကိန်းဧရိယာအတွင်း အပတ်စဉ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်။

(ဈ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်များအတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းအား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ည) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ ဆန္ဒနှင့် သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဋ) **လျာထားအသုံးစရိတ်။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လိုလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် လုပ်ငန်းလည်ပတ်သည့်ကာလနှင့် ပိတ်သိမ်း သည့်ကာလတွင် လျာထား ရန်ပုံငွေ ကျပ် (၇,၃၀၀,၀၀၀) ခန့်အား သုံးစွဲမည်ကို လိုက်နာ ဆောင်ရွက်ရန်၊

(၂) စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် လုပ်ငန်းလည်ပတ်သည့်ကာလနှင့် ပိတ်သိမ်း သည့်ကာလတွင် လျာထား ရန်ပုံငွေ ကျပ် (၆,၇၅၀,၀၀၀) ခန့်အား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) လုပ်ငန်းစုစုပေါင်းအမြတ်ငွေ၏ (၂) ရာခိုင်နှုန်းအား ဒေသဖွံ့ဖြိုးမှုနှင့် လူမှုစီးပွား တိုးတက်စေရေးအတွက် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်။

(ဍ) **လုပ်ငန်းပိတ်သိမ်းခြင်း။** စီမံကိန်းပိတ်သိမ်းခြင်းကို ဆက်စပ်ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပိတ်သိမ်းခြင်း မဆောင်ရွက်မီ တစ်နှစ်ကြိုတင်၍ ပိတ်သိမ်းမည့် အစီအစဉ်ကိုတင်ပြရမည်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့်စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက် များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက် များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀) မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှု ဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်း အစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှော်လှုပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများ ရေးဆွဲ၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ် အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိ လာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှု ပပျောက်ရေးဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ် ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့ နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှု တို့မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိ ဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဘာဝတဖြစ်စေသော စီမံခန့်ခွဲမှု စနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့် အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ရေအရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၁.၂ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) လေအရည်အသွေးနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၁.၁ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းလုပ်ငန်းနှင့်ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ် ဆောင်ရွက်

ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သော အနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများ ဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန်လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန်ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်

ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ် ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှုကို တင်ပြရန်။

(ဇ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဆ) ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။ စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/ မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(ဇ) လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။ လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ တစ်ဖက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိဆောင်ရွက်ပေးရန်နှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့်စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ဈ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့်ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာ ဆောင်ရွက်မည့်ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာအခွင့်အမိန့်ရအဖွဲ့အစည်းထံမှ စာဖြင့်ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း နှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု

အစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရမည်။ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည် ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက် မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ)များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့တင်ပြသည့်နေ့ရက်မှ (၁၀)ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ဝက်ဘ်ဆိုဒ်တွင်

လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် ၁၀ ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက် ကြည့်ရှုနိုင်ရေးခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင် ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနကသတ်မှတ်သည့် မည်သည့်အချိန် တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက် နိုင်ရေးခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နန်းအနည်အနှစ်၊ ရေနှင့်လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေး ခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများ ကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့် နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင် စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်း အဆိုပြုသူမှကျခံရန်။

## သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များတွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်းသိရှိနိုင်ရန် သတင်း

အချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)ကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့်အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာလျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရန်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့်ပတ်သက်၍ သီးခြားငွေစာရင်း ဖွင့်လှစ်ထားသော အထောက်အထား အချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---